

## Family Assessment Response (မိသားစု အကဲဖြတ်ချက် တုံ့ပြန်မှု) ကို ကျွန်ုပ် ဘာကြောင့် လက်ခံရရှိသနည်း။

- Department of Children, Youth, and Families (ကလေး၊ လူငယ်နှင့် မိသားစုများ ဌာန၊ DCYF) သည် သင့်ကလေး၏ ဘေးကင်းရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ကို တင်ပြထားသော အစီရင်ခံစာကို လက်ခံရရှိခဲ့သည်။
- အစီရင်ခံစာသည် Washington ပြည်နယ် (RCW 26.44.020) အရ ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုဆိုင်ရာ တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီပါသည်။
- သင့်ကလေးသည် လက်ငင်းအန္တရာယ်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြမထားပါ။
- DCYF သည် သင့်ကလေးများကို ဘေးကင်းအောင် ကူညီပေးရန် သင်နှင့်အတူ လက်တွဲဆောင်ရွက်လိုပါသည်။



## ကျွန်ုပ်၏အမှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိပါက မည်သူ့ကို ဆက်သွယ်ရမည်နည်း။

သင့်တွင် တိုင်ကြားစရာရှိပါက သို့မဟုတ် သင့်အမှုအား ကိုင်တွယ်ပုံနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေပါက သင်၏ FAR အမှုကိစ္စဝန်ထမ်း၏ ကြီးကြပ်ရေးမှူးထံ ဖုန်းခေါ်ဆိုပါ။

သင့်စိုးရိမ်ပူပန်မှုများကို မဖြေရှင်းရသေးပါက နယ်မြေအုပ်ချုပ်ရေးမှူးထံ ဖုန်းခေါ်ဆို နိုင်ပါသည်။

အကူအညီရယူရန် 1-800-723-4831 မှတစ်ဆင့် Office of Constituent Relations (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆက်ဆံရေးရုံး) ကို အချိန်မရွေး ဖုန်းခေါ်ဆိုနိုင် ပါသည်။

-သို့မဟုတ်-

သင့်အနေဖြင့် 1-800-571-7321 မှတစ်ဆင့် Office of the Family & Children's Ombuds* (မိသားစုနှင့် ကလေးသူငယ်ဆိုင်ရာ တိုင်ကြားမှုစုံစမ်းတင်ပြရေးအရာရှိရုံး) ကို ဖုန်းခေါ်ဆိုနိုင်ပါသည်။

**ဤအေဂျင်စီသည် DCYF နှင့် မသက်ဆိုင်ပါ။ ၎င်းသည် DCYF နှင့်ပတ်သက်သည့် အမှုကိစ္စရပ်များကို စုံစမ်းစစ်ဆေးပါသည်။*

*သင်သည် ဤစာရွက်စာတမ်းမိတ္တူများကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် ရယူလိုပါက DCYF Constituent Relations (DCYF ကလေးသူငယ်ရေးရာ ဆက်ဆံရေးရုံး)၊ (1-800-723-4831 | 360-902-8060၊ **ConstRelations@dcyf.wa.gov**) သို့ ဆက်သွယ်ပါ။*

DCYF PUBLICATION CWP_0023 | DSHS 22-1534 BS (07-2021) Burmese

# Family Assessment Response (မိသားစု အကဲဖြတ်ချက် တုံ့ပြန်မှု၊ FAR)

***မိသားစုများကို အားဖြည့် ပံ့ပိုးကူညီရန် CPS လမ်းကြောင်း***



Washington State Department of CHILDREN, YOUTH & FAMILIES



## Family Assessment Response (မိသားစု အကဲဖြတ်ချက် တုံ့ပြန်မှု၊ FAR) ဆိုတာ ဘာလဲ။

FAR သည် Washington State Child Protective Service (ဝါရှင်တန်ပြည်နယ် ကလေးကာကွယ်ရေးဝန်ဆောင်မှု) အနေဖြင့် ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုဆိုင်ရာ အစီရင်ခံစာအချို့ကို တုံ့ပြန်ဆောင်ရွက်ရန် အခြားသော နည်းလမ်းတစ်ခုဖြစ်သည်။ FAR ကို မလုပ်ဆောင်မီ CPS သည် ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုဆိုင်ရာ အစီရင်ခံစာများကို စုံစမ်းစစ်ဆေးပြီး တုံ့ပြန်ခဲ့သည်။

### FAR သည် အောက်ပါရည်ရွယ်ချက်များအတွက် မိသားစုများနှင့်အတူ လက်တွဲလုပ်ဆောင်သည်-

- ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုခြင်းအတွက် တာဝန်ရှိသော မိဘများကို ရှာမတွေ့ဘဲ အကျပ်အတည်းကြုံသောအခါ ၎င်းတို့ကို ပံ့ပိုးကူညီရန်။
- ၎င်းတို့အား သက်ဆိုင်ရာရပ်ရွာအသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ကူညီရန်။

### စုံစမ်းစစ်ဆေးသူများနှင့် FAR အမှုကိစ္စဝန်ထမ်းများသည်-

- ကလေးများကို ဘေးကင်းစေရန် မိသားစုများနှင့် လက်တွဲလုပ်ဆောင်သည်။
- မိသားစုများ၏ လိုအပ်ချက်များကို ဖော်ထုတ်သည်။
- မိဘနှင့် ရပ်ရွာအသိုင်းအဝိုင်း၏ အားသာချက်များနှင့် ရင်းမြစ်များပေါ် အခြေခံ၍ ဆက်လက်တိုးတက်အောင်လုပ်သည်။
- ကလေးများ၏ လိုအပ်ချက်များကို အာရုံစိုက်ရန် ခက်ခဲစေသော စိတ်သောကရောက်စရာ အခြေအနေများကို လျှော့ပါးစေရန် ဝန်ဆောင်မှုများကို ရှာဖွေပေးသည်။

### စုံစမ်းစစ်ဆေးမှုများ-

- ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း ရှိ၊ မရှိ ဆုံးဖြတ်သည်။
- ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်းခြင်း သို့မဟုတ် လျစ်လျူရှုခြင်းရှိ၊ မရှိကို ရှာဖွေပြီး၊ စွပ်စွဲထားသည့် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှုအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို ဖော်ထုတ်သည်။ ၎င်းကို DCYF မှတ်တမ်းများတွင် သိမ်းဆည်းထားပြီး နောင်တစ်ချိန် ကလေးများ သို့မဟုတ် အားနည်းချက်ရှိသော အရွယ်ရောက်ပြီးသူများအား အလုပ်ခန့်အပ်မှုအပေါ် သက်ရောက်စေနိုင်သည်။

## Family Assessment Response (မိသားစု အကဲဖြတ်ချက် တုံ့ပြန်မှု) က ဘယ်လိုအလုပ်လုပ်သလဲ။



DCYF က သင့်မိသားစုအကြောင်း အစီရင်ခံစာကို လက်ခံရရှိသောအခါ FAR အမှုကိစ္စဝန်ထမ်းတစ်ဦးသည် သင့်ကလေးငယ်များ၏ ဘေးကင်းရေးနှင့်ပတ်သက်၍ သင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

နောင်တွင် ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု ဖြစ်နိုင်ခြေကို လျှော့ချရန်အတွက် ဝန်ဆောင်မှုများ သို့မဟုတ် ပံ့ပိုးမှုများ လိုအပ်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် အမှုကိစ္စဝန်ထမ်းသည် သင်နှင့်အတူ ဆောင်ရွက်သွားပါမည်။ သင်၏ အမှုကိစ္စဝန်ထမ်းသည် သင့်မိသားစုအား စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်အောင် ကူညီပေးပါမည်။

FAR အမှုကိစ္စအများစုကို 45 ရက်အတွင်း ပိတ်သိမ်းမည်ဖြစ်သည်။ သို့သော် သင်စတင်ခဲ့သည့် အကျိုးရှိသောအလုပ်ကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို ဆက်လက်ရယူရာတွင် အထောက်အကူဖြစ်မည်ဆိုပါက သင်နှင့် FAR အမှုကိစ္စဝန်ထမ်းသည် သင့်အမှုကို ရက်ပေါင်း 120 ကြာထိ ဖွင့်ထားရန် ရွေးချယ်နိုင်သည်။

### သင့်တွင် ရွေးချယ်စရာများ ရှိသည်-

- FAR တွင် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်နိုင်ပါသည်
  -သို့မဟုတ်-
- ပုံမှန် CPS စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ရန် ရွေးချယ်နိုင်ပါသည်

သင့်မိသားစုလိုအပ်သော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သင်၏ FAR လူမှုဝန်ထမ်းနှင့် သဘောထားချင်းမတိုက်ဆိုင်လျှင် အခြားရွေးချယ်စရာများအကြောင်း ဆွေးနွေးရန် FAR ဝန်ထမ်းများနှင့် တွေ့ဆုံစည်းဝေးမှုတစ်ခုကို သင်တောင်းဆိုနိုင်ပါသည်။

***သင်၏ အမှုကိစ္စဝန်ထမ်းသည် သင့်မိသားစုအား စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်အောင် ကူညီပေးပါမည်။***

## Family Assessment Response (မိသားစု အကဲဖြတ်ချက် တုံ့ပြန်မှု) က ကျွန်ုပ်ကို မည်သို့ကူညီနိုင်သနည်း။

သင်နှင့် သင့်မိသားစုအတွက် ဘာလိုအပ်သည်ကို သင်သိပါသည်။ သင်၏ FAR အမှုကိစ္စဝန်ထမ်းသည် အောက်ပါတို့ကို သင်နှင့်အတူ လက်တွဲဆောင်ရွက်သွားပါမည်-

- အိမ်တွင် သင့်ကလေး ပိုမိုဘေးကင်းအောင် သင်ဆောင်ရွက်ပေးနိုင်ပုံကို ဖော်ထုတ်ရန်။
- သင့်မိသားစု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။
- သင့်ကလေးများကို အသက်အရွယ်နှင့် အခြေအနေတိုင်းတွင် အုပ်ထိန်းနိုင်သည့် အရည်အချင်းများ သင့်တွင် တိုးတက်လာစေရန်။
- သင့်ရပ်ရွာအသိုင်းအဝိုင်းနှင့် ပိုမိုခိုင်မြဲသော ဆက်သွယ်မှုကို ဖော်ဆောင်ရန်။
- သင်နှင့် သင့်မိသားစုအတွက် စိတ်သောကရောက်စရာ အိမ်ကိစ္စ၊ အလုပ်ကိစ္စ သို့မဟုတ် အခြားပြဿနာများကဲ့သို့ လက်ရှိစိုးရိမ်မှုများကို ဖြေရှင်းရန် ရပ်ရွာအသိုင်းအဝိုင်းရင်းမြစ်များနှင့် နည်းပေးလမ်းညွှန်သူများကို ရှာဖွေရန်။

***သင့်ကလေးများကို ဘေးကင်းလုံခြုံအောင် ထားရှိနိုင်ရန်အတွက် သင်၏ယုံကြည်မှုနှင့် အရည်အချင်းများကို တည်ဆောက်ရန် ကျွန်ုပ်တို့ အတူတကွ လုပ်ဆောင်သွားပါမည်။***